


[illegible]

# ဇော်ဇော်အောင်

# ဆည်းဆာရွ

ပို့စ်မော်ဒန်မှတ်စုဆောင်းပါးများ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# ဇော်ဇော်အောင်

# ဆည်းဆာဩ

ဗိုစ်မေဂ်ဒန်မှတ်စု

ZZA0017
1,300.00 KS
mgyoe.com

mgyoe.com

ဆည်းဆာပြူ။ ဇော်ဇော်အောင်
စာမျက်နှာ ၁၂၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀ • ၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊၈၅၁၆၄လမ်း၊တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊မစိုးရိမ်လမ်း၊ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၆ ရာစုသစ်စာအုပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဆည်းဆာဖြူ

ပို့စ်မော်ဒန်မှတ်စုဆောင်းပါးများ

## ဇော်ဇော်အောင်

mgyoe.com

ဒုတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏အမှာစာ | (က) |
| ဝ | ဆည်းဆာဖြူ (၁) | ၁ |
| ဝ | ဆည်းဆာဖြူ (၂) | ၆ |
| ဝ | ဆည်းဆာဖြူ (၃) | ၁၀ |
| ဝ | ဆည်းဆာဖြူ (၄) | ၁၆ |
| ဝ | ဆည်းဆာဖြူ (၅) | ၂၀ |
| ဝ | ဆည်းဆာဖြူ (၆) | ၂၅ |
| ဝ | ဆည်းဆာဖြူ (၇) | ၃၂ |
| ဝ | ဆည်းဆာဖြူ (၈) | ၃၇ |
| ဝ | ဆည်းဆာဖြူ (၉) | ၄၁ |
| ဝ | ဆည်းဆာဖြူ (၁၀) | ၄၅ |
| ဝ | ဆည်းဆာဖြူ (၁၁) | ၄၉ |
| ဝ | ဆည်းဆာဖြူ (၁၂) | ၅၄ |
| ဝ | ဆည်းဆာဖြူ (၁၃) | ၅၈ |


mgyoe.com

mgyoe.com


○ ဆည်းဆာဖြူ (၁၄) ၆၃

○ ဆည်းဆာဖြူ (၁၅) ၆၈

○ ဆည်းဆာဖြူ (၁၆) ၇၅

○ ဆည်းဆာဖြူ (၁၇) ၈၀

○ ဆည်းဆာဖြူ (၁၈) ၈၅

○ ဆည်းဆာဖြူ (၁၉) ၈၉

○ ဆည်းဆာဖြူ (၂၀) ၉၄

○ ဆည်းဆာဖြူ (၂၁) ၉၈

○ ဆည်းဆာဖြူ (၂၂) ၁၀၃

○ ဆည်းဆာဖြူ (၂၃) ၁၀၈

○ ဆည်းဆာဖြူ (၂၄) ၁၁၂

○ ဆည်းဆာဖြူ (၂၅) ၁၁၆

○ ဆည်းဆာဖြူ (နိဂုံး) ၁၂၁


□

mgyoe.com

mgyoe.com

## စာရေးသူ၏အမှာ

"ဆည်းဆာဖြူ" ကို စုစည်းတင်ဆက်လိုက်ပါတယ်။

*

ဒီမှတ်စုဆောင်းပါးများကို ဂရုတစိုက် ထည့်သွင်းဖော်ပြပေးတဲ့ "ဖတ်စရာ" ဂျာနယ်ကို ကျေးဇူးတင်ပါတယ်။ အယ်ဒီတာချုပ် ဆရာအောင်ပြည့်နဲ့ ထိုစဉ်က အယ်ဒီတာဆရာမောင်ဒေးတို့ အထူးကျေးဇူးတင်တဲ့အကြောင်း ပြောပါရစေ။ ပြီးတဲ့နောက် အခုလို တစ်စုတစ်စည်းတည်းဖြစ်ဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့ "ရာစုသစ်" စာပေတိုက်ကိုလည်း ကျေးဇူးတင်ရမှာပါ။ စာအုပ်တစ်အုပ် ဖြစ်လာဖို့ဆိုတာ မလွယ်မှန်း ကောင်းစွာသိပါတယ်။ စာအုပ်ကလေးကို သပ်သပ်ရပ်ရပ် အဆင်အပြင်နဲ့တကွ စိတ်ကူးပုံဖော်ခဲ့တဲ့ "ရာစုသစ်" ရဲ့ လူငယ်ကလေးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာလည်း သူတစ်ပါးကိစ္စကို သူ့ကိစ္စလို အမြဲသဘောထားပြီး ပူပူပင်ပင် ကြောင့်ကြောင့်ကြကြ ဝါယမစိုက်ထုတ်ပြီး အမြဲကူညီတတ်တဲ့ မိတ်ဆွေတစ်ဦး ရှိပါတယ်။

mgyoe.com

mgyoe.com

ဒီစာအုပ်ဖြစ်မြောက်ရေးအတွက် ပါဝင်ခဲ့တဲ့ အဲဒီမိတ်ဆွေကတော့ ကဗျာဆရာ၊ ဝတ္ထုတိုဆရာ 'သစ္စာနီ' ဖြစ်ပါတယ်။ သူ့ကိုလည်း ကျေးဇူးတင်စကား ဒီစာမျက်နှာကနေ ပြောရပါတယ်။ ဒီစာအုပ်ကလေးဟာ ဘာမှသိပ်မဟုတ်ပေမဲ့ သူတို့ကျေးဇူးကတော့ ကြီးမားပါတယ်။

*

လိုအပ်တယ်လို့ယူဆလို့ ပို့စ်မော်ဒန်အကြောင်း အတော်အသင့်ပြောလိုက်တာပဲလို့ ယူဆစေလိုပါတယ်။

အယူအဆဆိုတော့ အယူအဆဆိုတာ အားလုံးတူနိုင်ခဲတာမို့ ကျွန်တော်နဲ့ အယူအဆမတူသူများလည်း ပြောကြပါ။ မှားနေရင်လည်း ပြင်ကြပါ။ အကျိုးရှိအောင် နှလုံးသွင်းပြင်တတ်ကြရင် သိပ်ကောင်းပါလိမ့်မယ်။

*

နောင်လည်း အခြေအနေပေးသလို ဆက်ပြောဦး၊ ရေးနေဦးမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ ပြောဖို့၊ ရေးဖို့ လိုအပ်နေသေးတယ်လို့ ယူဆလို့ပါပဲ။

လေးစားကျေးဇူးတင်စွာဖြင့်
ဇော်ဇော်အောင်
၂၇-၁-၂၀၀၆။

mgyoe.com

mgyoe.com

# ဆ ည် း ဆ ာ ဖြူ [ ၁ ]

အတော်အသင့် ရေးခဲ့ဖူးပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် စိတ်သွားတိုင်း ကိုယ်မပါ၊ လိုရာ သိပ်မရောက်ဘူး။ အခု လိုအပ်တယ်ယူဆလို့ ထပ်ရေးလိုက်ပါတယ်။ ကျွန်တော်သိထားတယ်လို့ ထင်ထားသမျှ ပို့စ်မော်ဒန်အကြောင်းပါပဲ။

***

တစ်ခုခုပြောမယ်ကြံလိုက်ရင် ဘာမှမပြောရသေးဘူး။ ရှေ့က ခံခံနေတဲ့ ကိစ္စတွေ ရှိတတ်တယ်။ ဘာမှမပြောရသေးခင်ပဲ ရှင်းလိုက် လင်းလိုက်ရတာအမော။ မော်ဒန်အကြောင်း စပြောတုန်းက ဒါတွေဟာ နိုင်တီးဝမ်တီဝမ်း ကဟာတွေ၊ အခုမှ လာလုပ်နေတယ်လို့ ပြောကြတယ်။

---

ဖတ်စရာ ဂျာနယ်၊ အမှတ် ၁၈၊ မေလ ၁၇၊ ၂၀၀၅။

mgyoe.com

mgyoe.com


ဟုတ်ပါသော်ကော။ မော်ဒန်ဆရာမကြီး ဗာဂျီနီယာဝုဖ် (woolf) ရဲ့ စကားတစ်ခွန်းက ကမ္ဘာကျော်ပါ။ **"၁၉၁၀ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သို့မဟုတ် ဒီဇင်ဘာလလောက်မှာ အပြောင်းအလဲတစ်ခုဖြစ်ပြီး မော်ဒန်ဝတ္ထုတိုခေတ် စတယ်"** လို့ ပြောခဲ့တယ်။ (In or about December, 1910) ဒီတော့ နိုင်တီးဝမ်တီဝမ်း ၁၉၁၁ လို့ အမနာပ ပြောတဲ့လူလည်း ပြောစရာပါပဲ။ ဒါပေမဲ့ အသေအချာ ဆင်ဆင်ခြင်ခြင် စိတ်ကြီးကြီး သဘောကျယ်ကျယ်ပြန့်ပြန့်ထားပြီး စဉ်းစားတော့ အဲဒီလိုပြောတဲ့ပုဂ္ဂိုလ်ဟာ သမိုင်းအမြင်မရှိဘူး။ အနုပညာ ဖွံ့ဖြိုးတိုးတက်မှု၊ အနုပညာသဘော သဘာဝတို့ကို မသိတဲ့လူဖြစ်နေတာ တွေ့ရပါတယ်။

ဝုဖ် ပြောခဲ့တဲ့ ၁၉၁၀ ခုနှစ်ဆိုတာ စဉ်းစားကြည့်ပါ။ မြန်မာကာလပေါ်ဝတ္ထု (နော်ဗယ်) ဆိုတာ ဘယ်ဟာလဲ။ ဘယ်တုန်းက ပေါ်ခဲ့သလဲ။ **မောင်ရင်မောင် မမယ်မ** ဝတ္ထုပါပဲ။ ၁၉၀၄ ခုနှစ်မှာ စပေါ်တယ်။ ဒါတောင် ပီပီပြင်ပြင် မဟုတ်သေးဘူး။ အမှီးဝတ္ထုပဲ ရှိသေးတယ်။

နောက်တစ်ခု ပြောသင့်တာက **ဦးလတ်ရဲ့ စံပယ်ပင်** ဝတ္ထု။ ၁၉၁၂ ခုနှစ်မှာ ထွက်တယ်။ နောက်သူ့ရဲ့ **ရွှေပြည်စိုး**။ ၁၉၁၄ ခုနှစ်မှာ ထွက်တယ်။ ကမ္ဘာစာပေမှာ ခေတ်တစ်ခေတ်က နောက်တစ်ခေတ်ကို ကူးတဲ့

mgyoe.com

mgyoe.com



အချိန်၊ ကျွန်တော်တို့က အဲဒီတော့မှ ခေတ်တစ်ခေတ် စတယ်။ ကျွန်တော်တို့ သိပ်နောက်ကျနေတယ်ဆိုတာ (အခုအထိပါပဲ။)

ဒါကြောင့် နိုင်တီးဝမ်တီဝမ်းကဟာတွေ ဖြစ်ပါစေလို့ ပြောရမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ အဲဒီအကြောင်းတွေ မပြောရသေးလို့ပါပဲ။ ပြောတဲ့လူမရှိဘဲ (ဝါ) ဘယ်သူမျှမပြောကြဘဲ ဒီအတိုင်း ငုတ်တုတ်ထိုင်နေကြရမှာလား။ ဘယ်သူ ဘယ်လိုပဲရိရိ၊ ဘယ်သူ ဘယ်လိုရှုတ်ချ ရှုတ်ချ ကျွန်တော်တို့ကတော့ မပြောရသေးတာတွေ ပြောသင့်တယ်ထင်ရင် ပြောမှာပဲ။ အခု ပို့စ်မော်ဒန်အကြောင်း ဆက်ပြောရပါဦးမယ်။

* * *

အခု .. ပို့စ်မော်ဒန်ခေတ် ကုန်သွားပြီတဲ့လား။ ပညာရှင်တစ်ယောက်ကတော့ ပို့စ်မော်ဒန်(တို့) ရဲ့ ကြီးမားတဲ့ ဩဇာဟာ မရှိတော့ဘူး။ ဩဇာပေးလွှမ်းမိုးတဲ့ခေတ် ကုန်သွားပြီဆိုတဲ့စကားမျိုး ပြောဖူးပါတယ်။ (The Period of Its influence is now over) ပြောတဲ့သူက ကလေကချေ အိုယောင်ဝါး မဟုတ်ပါ။ အောက်စဖို့ဒ် Oxford တက္ကသိုလ်ထွက် ပါမောက္ခ ခရစ္စတိုဖာ ဘတ်တလာ (**Christopher Butler**) ဖြစ်ပါတယ်။ ဘာပါမောက္ခလဲဆိုတော့ 'အင်္ဂလိပ်ဘာ

mgyoe.com

mgyoe.com


သာစကားနဲ့ စာပေ' ပါမောက္ခဖြစ်ပါတယ်။ ပြောရေး ဆိုခွင့်ရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ထင်ရှားပါတယ်။ ဒါပေမဲ့..

ဒီ ဒါပေမဲ့က အရေးကြီးပါတယ်။ ဒါပေမဲ့ ကမ္ဘာမှာ 'ပြီး' သွားတာတွေ ကျွန်တော်တို့က 'မပြီး' သေးဘူး။ အခုမှ 'စ' ကြရတယ်။ အဲဒါမျိုးတွေ အများကြီးပါပဲ။ သမိုင်းဖြစ်ရပ်တွေကို မှန်မှန်ကန်ကန် ဆင်ခြင်နှလုံး သွင်းကြဖို့ လိုပါလိမ့်မယ်။ မြန်မာ့သမိုင်းဟာ မြန်မာ့ သမိုင်းပါ။ အမေရိကန်သမိုင်းမဟုတ်၊ တရုတ်သမိုင်း မဟုတ်၊ ဂျပန်သမိုင်းမဟုတ်၊ ဥရောပသမိုင်းမဟုတ်၊ မြန်မာဆိုတဲ့ **သီးခြားအခြေအနေ** ကို သတိပြုရမှာ အသေအချာပါပဲ။

* * *

အမေရိကန်နိုင်ငံက ပါမောက္ခ **ဖရက်ဒရစ် ဂျိမ်းဆင်** (Frederic Jameson) ဆိုတာ ဒီနေ့ ကမ္ဘာ့စာပေ လောကမှာ အထင်အရှားပါပဲ။ သူဟာ လက်ဝဲဆရာ ကြီး မာ့က္ခဝါဒီ ဝေဖန်ရေးဆရာကြီးလို့လည်း ကျော် ကြားပါတယ်။ သူက အရင်းရှင်ခေတ်ကို သုံးပိုင်းပိုင်း ပြီး ပြခဲ့တယ်။

(၁) ဈေးကွက်အရင်းရှင်ခေတ် (Market Capitalism) ဆယ့်ရှစ်ရာစုကနေ ဆယ့်ကိုးရာစုအကုန်အထိ အနောက်ဥရောပ၊ အင်္ဂလန်၊ အမေရိကန်တို့မှာ ထွန်း

mgyoe.com

mgyoe.com



ကားတယ်။ စာပေအနုပညာ အမျိုးအစား (ဝါ) ရသ အမျိုးအစား (Kind of Aesthetics လို့ဆိုပါတယ်။) ကတော့ သရုပ်မှန် (Realism) ထွန်းကားတယ်။

(၂) ဒုတိယခေတ်ကတော့ လက်ဝါးကြီးအုပ် အရင်းရှင်ခေတ် (Monopoly Capitalism) ဆယ့်ကိုး ရာစုနှောင်းပိုင်းက နှစ်ဆယ်ရာစုအလယ် (ဒုတိယ ကမ္ဘာစစ်ကြီးအပြီး)ထိ ထွန်းကားတယ်။ စာပေအနု ပညာကတော့ မော်ဒန် (Modernism) ခေတ်။

(၃) တတိယပိုင်း အခု ကျွန်တော်တို့ခေတ်က တော့ (Multinational /Consumer Capitalism စာပေ အနုပညာကတော့ ပို့စ်မော်ဒန် (Postmodernism) လို့ ခွဲခြားမိန့်ဆိုခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစဉ်နဲ့ ခွင်ချကြည့် ပါလား။ သိပ္ပံနဲ့ နည်းပညာဘက်ကကြည့်တော့ ပထမ ခေတ်မှာ ရေနွေးငွေ့နဲ့မောင်းတဲ့ စက်တွေ၊ မော်တာ တွေ ထွန်းကားတယ်။ ဒုတိယခေတ်မှာ လျှပ်စစ်ဓာတ် အားတွေ ထွန်းကားတယ်။ အခု ပို့စ်မော်ဒန်ခေတ်မှာ နယူကလီယနဲ့ အီလက်ထရောနစ် နည်းပညာတွေ ထွန်းကားလာတယ်။

❒

mgyoe.com

mgyoe.com

# ဆ ည် း ဆ ၁ ဖြူ [ ၂ ]

ကျွန်တော်တင်ပြခဲ့သမျှ ပြန်ချုပ်ရင် အချိန်ကာလ သဘောတရားအရ အနောက်မှာ (ဝါ) ဖွံ့ဖြိုးတိုးတက် ပြီး နိုင်ငံကြီးတွေမှာ 'ပြီး' သွားပေမဲ့ ကျွန်တော်တို့က မစရသေးဘူး (ဝါ) အခုမှ 'စ' ကြရတယ်ဆိုတဲ့ အချက် ပါပဲ။ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းနဲ့ပြောရရင်လည်း ကျွန် တော်တို့နိုင်ငံဟာ အလျှံပယ် ဖွံ့ဖြိုးတိုးတက်တဲ့ လူ့ အဖွဲ့အစည်းအဖြစ် ဘယ်တုန်းကမျှ မရောက်ခဲ့ပါဘူး လို့လည်း ပြောရမယ်။ လက်ဝဲနွယ်ဝင်များရဲ့ စကားသုံး နဲ့ပြောရရင် အလျှံပယ် ကြွယ်ဝတဲ့ အရင်းရှင် လူ့အဖွဲ့ အစည်းရဲ့ ရုပ်တရားများ (ဝါ) ရုပ်အခြေအနေများဟာ ဘယ်တုန်းကမျှ မရှိခဲ့ပါဘူး။ အဲဒီလိုအခြေအနေတွေ ရှိမှ ပို့စ်မော်ဒန်သဘောတွေ ဖြစ်ပေါ်မယ်လို့ ပုံသေ ပြဋ္ဌာန်းလို့ မရပါဘူး။ အခိက ကတော့ ကျွန်တော်တို့ရဲ့

---

ဖတ်စရာ ဂျာနယ်၊ အမှတ် ၁၉၊ မေလ ၂၄၊ ၂၀၀၅။

mgyoe.com

mgyoe.com



သီးခြားအခြေအနေပါပဲ။ ရှေ့မှာ ဆက်ပြောစရာတွေ ရှိပါတယ်။ အခုတစ်ခါ နေရာဒေသ သဘောတရားနဲ့ ဆင်ခြင်ကြည့်ဖို့ တင်ပြလိုပါတယ်။ အောက်ဖော်ပြပါ အဆိုကို စဉ်းစားကြည့်ပါ။

**အယူအဆ၊ အတွေးအခေါ်၊ ယုံကြည်ချက်တွေဟာ စတင်ပေါ်ပေါက်ရာ နေရာဒေသရဲ့ ပထဝီနယ်နိမိတ်၊ ယဉ်ကျေးမှုနယ်နိမိတ်တွေရဲ့ ပြင်ပမှာ မတည်ငြိမ်နိုင်ဘူး။ မထွန်းကားနိုင်ဘူး။ တရားမဝင်ဘူးလို့ ငြင်းလို့မရနိုင်။ သာဓကအဖြစ် ဗုဒ္ဓဘာသာကိုပဲ ကြည့်ပါ။ အိန္ဒိယပြည်မြောက်ပိုင်း ကွက်ကွက်ကလေးမျှသာ ထွန်းကားတာမဟုတ်ဘူး။ ကမ္ဘာအရပ်ရပ် အနှံ့ရောက်ရှိ ထွန်းကားတာ အထင်အရှားပါပဲ။**

ဒါကြောင့် ပို့စ်မော်ဒန်ဟာ အနောက်မှာဖြစ်တာ၊ အနောက်ရဲ့အခြေအနေအရ ဖြစ်တာ၊ အနောက်မှာသာ ဖြစ်နိုင်တာလို့ ပြောလို့ မရနိုင်ပါဘူး။ အယူအဆ၊ အတွေးအခေါ်၊ ယုံကြည်ချက်ဆိုတာ ပျံ့နှံ့နိုင်တယ်။ ကူးလူးဆက်သွယ်နိုင်တယ်။ ပျံ့နှံ့ရောက်ရှိတဲ့ ဒေသခံလူတွေကလည်း သူတို့အတွက် အကျိုးစီးပွားဖြစ်မယ်၊ သူတို့နဲ့ ကိုက်ညီမယ်ဆိုရင် အဲသလို ပျံ့နှံ့လာတဲ့ အယူအဆတွေကို လက်ခံထွေးပိုက်ကြတယ်။ သမိုင်းမှာ အထင်အရှားပါပဲ။ အဲဒီတော့ ပို့စ်မော်ဒန်ဟာ အနောက်

mgyoe.com

mgyoe.com


မှာဖြစ်တာ၊ အနောက်ရဲ့အခြေအနေ၊ အနောက်ရဲ့ကိစ္စပဲလို့ ကျွန်တော်တို့ ငြင်းပယ်ရင် အမြော်အမြင်နည်းရာကျပါလိမ့်မယ်။ ကျွန်တော်တို့ အချိန်အခါ၊ အခြေအနေအရ အကျိုးရှိမယ်၊ အသုံးတည့်မယ်၊ အလုပ်ဖြစ်မယ်ဆိုရင် ကျွန်တော်တို့ လက်ခံကြရမှာပါပဲ။ လက်တွေ့အကျိုးရှိမယ့်ကိစ္စဟာ ပဓာနပါပဲ။

ပျံ့နှံ့ကူးစက်လာတဲ့ အတွေးအခေါ်၊ အယူအဆ၊ ဓလေ့တွေကို ကိုယ့်အတွက် လက်တွေ့ဘဝမှာ အကျိုးရှိမယ်ဆိုရင် လက်ခံထွေးပိုက်သင့်တယ်။ အဲဒီလိုပဲ လက်တွေ့ကိစ္စ၊ လက်တွေ့ဘဝမှာ အကျိုးရှိမယ်ဆိုရင် ပြင်ပက အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်မှုတွေကို တင်သွင်းဖို့ လိုအပ်ရင်လည်း တင်သွင်းရပါလိမ့်မယ်။ အဲဒီလို တင်သွင်းလာတာကိုလည်း ဆန့်ကျင်ငြင်းပယ်ဖို့ မသင့်ပေဘူး။ ခရစ်နှစ် ၁၀၄၄ က ပုဂံဟာ အကောင်းဆုံး သာဓကပါပဲ။ အဲဒီက အနော်ရထာမင်းကြီးဟာလည်း အကောင်းဆုံးသာဓကပါပဲ။ အဲဒီအချိန်မှာ ပုဂံရဲ့ယုံကြည်ကိုးကွယ်မှုဟာ နတ်ကိုးကွယ်မှု မဟာယာန (တန္တရ) အရောရော အနှောနှော ဖြစ်နေတယ်။ သထုံက ရှင်အရဟံ တင်သွင်းလာတဲ့ (ထေရဝါဒ) ဗုဒ္ဓဘာသာကို အနော်ရထာ လက်ခံလိုက်တယ်။ ဆက်လက်ပွားများ စည်ပင်အောင် ကြံဆောင် ကြိုးပမ်းခဲ့တယ်။

mgyoe.com

mgyoe.com



အဓိကပြောချင်တာကတော့ ကိုးကွယ်ယုံကြည်မှု အသစ်တစ်ခုကို တင်သွင်းလာတယ်ဆိုတဲ့ အချက်ပါပဲ။ တင်သွင်းလာတာကို လက်ခံထွေးပိုက်တယ်ဆိုတဲ့ အချက်ပါပဲ။ဒီနေ့ပါဆိုရင် နှစ်ပေါင်း ကိုးရာခြောက်ဆယ့်တစ်နှစ် ရှိပါပြီ။ ဒီမှာဆိုချင်တာကတော့ ပို့စ်မော်ဒန်ကို ကျွန်တော်တို့ တင်သွင်းလာကြတယ်ဆိုရင်လည်း ငြင်းဖွယ်မရှိပါဘူး။ ကျွန်တော်တို့အတွက် အကျိုးရှိမယ်လို့ ယူဆယုံကြည်တဲ့အတွက် တင်သွင်းလာတာပဲဖြစ်ပါတယ်။ အကြောင်းအကျိုး၊ အကောင်းအဆိုးကို သုံးသပ်ကြပါ။ ဝေဖန်ကြပါ။ အကျိုးပျက်စီးမယ်၊ အဆိုးတွေချည်း ကြုံရလိမ့်မယ်ဆိုရင်လည်း သမိုင်းမှာ လူဆိုးအဖြစ်၊ တရားခံအဖြစ် ကျွန်တော်တို့ ကျေကျေနပ်နပ် ခံယူသွားပါမယ်။

အခုတော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အကျိုးစီးပွားဖြစ်စေမယ်လို့ ယုံကြည်တဲ့အတွက် 'တင်သွင်း' နေတာပါပဲ။

□

mgyoe.com

mgyoe.com

## သည်းသာဖြူ [ ၃ ]

ဆိုရိုးစကားတစ်ခွန်း ရှိခဲ့တယ်။ 'မော်ဒန်ကြက်ခြံထဲကို ပို့စ်မော်ဒန်ကြောင် လွှတ်ထည့်ပေးလိုက်တဲ့ တရားခံ' ဟာ ပြင်သစ်ဒဿနပညာကျော် ယန်းဖရန်ဆွာလိုင်ယိုတာ (Jean-Francois Lyotard - ၁၉၂၄–၉၈) ဖြစ်ပါသတဲ့။ ကနေဒါနိုင်ငံ အရှေ့ပိုင်း ကွိဗက်ပြည်နယ် (Quebec) တက္ကသိုလ်များကောင်စီက ခေတ်သစ်ပညာရဲ့အနေအထား၊ အဆင့်အတန်းကို လေ့လာသုံးသပ်ပြီး အစီရင်ခံစာတင်ဖို့ လိုင်ယိုတာကို ကော်မရှင်ပေးခဲ့တယ်။ အလုပ်အပ်တဲ့သဘောပေါ့။ လိုင်ယိုတာက ယခုအခါမှာ အလွန်ကျော်ကြားတဲ့ (အလွန်အငြင်းပွားဖွယ်လည်းဖြစ်တဲ့) The Postmodern Condition: A Report On Knowledge ဆိုတဲ့ စာတမ်းကို တင်သွင်းတယ်။ ပထမဆုံး ပြင်သစ်ဘာသာနဲ့ ၁၉၇၉

ဖတ်စရာ ဂျာနယ်၊ အမှတ် ၂၀၊ မေလ ၃၁၊ ၂၀၀၅။

mgyoe.com


mgyoe.com



ခုနှစ်က ထုတ်တယ်။ အင်္ဂလိပ် ဘာသာနဲ့ ၁၉၈၄ မှာ မန်ချက်စတာ တက္ကသိုလ်ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့တယ်။ အင်္ဂလိပ်ဘာသာပြန်တာက Geoff Bennington နဲ့ Brian Massumi ဆိုတဲ့ ပညာရှင်နှစ်ယောက်။ အမှာစာကို အမေရိကန် မာ့က်စ်ဝါဒီ ပါမောက္ခ Fredric Jameson က ရေးတယ်။

အဲဒီမှာ လိုင်ယိုတာက –

“ဒီနေ့ လူ့အဖွဲ့အစည်းဟာ စက်မှုလွန်ခေတ်ထဲကို ဝင်ရောက်လာပြီ။ ယဉ်ကျေးမှုများကလည်း ပို့စ်မော်ဒန်ကို နားလည်နေကြတဲ့ ခေတ်ထဲကို ဝင်




လိုင်ယိုတာ၏ အလွန်ကျော်ကြားသောစာတမ်း
The Postmodern Condition:A Report On Knowledge

mgyoe.com

mgyoe.com


လာပြီ။ အဲဒီအခါမှာ ပညာရဲ့အနေအထား၊ အဆင့်အတန်းဟာလည်း ပြောင်းလဲခဲ့ပြီကိုး ...” လို့ အစချီခဲ့ပါတယ်။ ဆက်ပြီးတော့ ဒီနေ့ ပို့စ်မော်ဒန်ခေတ်ဆိုတာဟာ ၁၉၅၀ နှစ်များအကုန်လောက် ဥရောပတိုက်ကို ပြန်လည်ထူထောင် တည်ဆောက်ပြီး အချိန်လောက်က စတယ်” လို့ ဆိုပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပြန်လည်ထူထောင်တာကို ဆိုလိုဟန်တူပါတယ်။ အဲဒီခေတ်ရဲ့ ထူးခြားတဲ့ လက္ခဏာကတော့ ချုပ်ပြောရရင် ‘ခမ်းနားကြီးကျယ်တဲ့ အရေးအသား/အတွေးအခေါ်များကို မယုံကြည်တော့ခြင်း (Incredulity Towards Metana-rrtives)’ ဆိုတာပါပဲ။ ပို့စ်မော်ဒန်ဆိုတာ ဘာလဲလို့မေးရင် အလွယ်ဆုံး ချုပ်ပြောရရင်တော့ ပို့စ်မော်ဒန်ဆိုတာ ခမ်းနားကြီးကျယ်တဲ့အရေးအသား၊ အတွေးအခေါ်များကို မယုံကြည်တော့ခြင်းလို့ ပြောရပါမယ်။ အဲဒါနဲ့ ပတ်သက်ပြီး(ဝါ)အဲဒီအကြောင်းကို ‘ဟန်သစ်မဂ္ဂဇင်း’ အမှတ် ၉၄၊ ဇူလိုင်လ၊ ၂၀၀၁ ခုနှစ်က ကျွန်တော် ရေးခဲ့ဖူးပါတယ်။ ‘ခမ်းနားကြီးကျယ်သော အရေးအသားများ ပျက်သုဉ်းခြင်း’ ဆိုတဲ့ ခေါင်းစဉ်နဲ့ပါပဲ။ အတော်ကျယ်ကျယ်ပြန့်ပြန့်၊ သိုင်းဝိုင်းဖွဲ့ဆို၊ ရှင်းလင်းဖို့ လိုအပ်ပါတယ်။ ပထမဆုံး ဝေါဟာရက စပြောရပါမယ်။

mgyoe.com

mgyoe.com



**Metanarrative ဆိုတာ ဘာလဲ**


ကြိုတင်အစီရင်ခံထားချင်တာက ပညာရပ်ဝေါဟာရတွေဟာ သာမန်အဘိဓာန်ထွက် အနက်တွေနဲ့ မတူဘူး။ ရပ်သုံး ရွာသုံး အနက်အဓိပ္ပာယ်တွေနဲ့လည်း မတူဘူး။ သီးခြားအဓိပ္ပာယ်တွေဆောင်တဲ့ စကားရပ်တွေရှိတယ်။ စာပေသီအိုရီတွေ၊ ရေးဟန်ပညာ Stylistics၊ ဘာသာဗေဒ Linguistics ပညာရပ်တွေမှာ အရေးပါအရာရောက်တဲ့ အခေါ်အပြောတွေရှိတယ်။ ဒါပေမဲ့ အထူးသတိပြုဖို့က အခု တင်ပြနေတဲ့ မတူကြောင်း၊ တခြားပညာရပ်တွေမှာရှိတဲ့ Metanarrtive နဲ့ အခု ကျွန်တော်တင်ပြမယ့် ပို့စ်မော်ဒန် Metanarrtive မတူကြောင်းကိုတော့ အထူးသတိပြုရပါမယ်။

Meta ဆိုတာ မူလ ဂရိစကားက လာတယ်။ 'အလွန်'၊ 'ပြီးနောက်'၊ 'နှင့်အတူ' ဆိုတဲ့ အဓိပ္ပာယ်တွေရှိတယ်။ ၁၉၆၀ လောက်ကစပြီး ဘာသာဗေဒနဲ့ စာပေသီဝရီဘာသာရပ်တွေမှာ အသုံး တွင်ကျယ်လာတယ်။ အဓိပ္ပာယ်အားဖြင့်တော့ 'အလွန်'၊ 'အထက်မှာ' ဆိုတဲ့ အဓိပ္ပာယ်တွေနဲ့ သုံးလာတယ်။ Narrative ဆိုတာကတော့ တကယ့်ဖြစ်ရပ်ကိုပဲဖြစ်ဖြစ်၊ စိတ်ကူးတို့ပဲဖြစ်ဖြစ်၊ ဖြစ်ရပ်တစ်ခု၊ အကြောင်းခြင်းရာတစ်ခုကို ပြန်ပြောပြတာပဲ။ နှုတ်နဲ့ပြောတာလည်း ဖြစ်နိုင်တယ်။

mgyoe.com

ဒီမှာတော့ စာနဲ့ပြန်ရေးပြတယ်။ စာရေးပြီး ဇာတ်ကြောင်း ပြန်တယ်လို့ ယူရပါမယ်။ ဇာတ်ကြောင်းပြန်ခြင်း (ဝါ) ဇာတ်ကြောင်းပြန် အရေးအသားကိုခေါ်ပါတယ်။ အဲဒါကို Meta ဆိုတဲ့ ရှေ့ဆက်နဲ့ ဘယ်လိုတွဲမလဲ။ သဘောကတော့ Meta-narrative ကို ဘယ်လိုအဓိပ္ပာယ် ပေးမလဲ (ဝါ) အဓိပ္ပာယ် ပေးသလဲ။

ဘာသာဗေဒပညာမှာ Metalanguage ဆိုတာရှိတယ်။ 'ဘာသာစကား' တစ်ခုအကြောင်းကို ဖော်ပြတဲ့ (ဝါ) ရေးသားဖော်ပြတဲ့ အခြားဘာသာစကားတစ်ခု'




လိုင်ယိုတာ ရေးသားသည့် စာပေနှင့်အတွေးအမြင်ဆိုင်ရာ
သဘောတရားများစာအုပ်

mgyoe.com

mgyoe.com



ပါပဲ။ A Language About A Language ပါပဲ။ မြန်မာ ဘာသာစကားအကြောင်းကို မြန်မာဘာသာစကားနဲ့ ရေးသားဖော်ပြတာမျိုးပါပဲ။ ပမာအားဖြင့် ဒုတိယ ကျော်အောင်စံထား ဆရာတော်ကြီး ပြုစုတဲ့ ဝေါဟာရတ္ထ ပကာသနီကျမ်းကြီး ဟာ Metalanguage ပါပဲ။ ကျွန်တော့်အယူပါ။ ဆရာတို့သဘော မတူရင်လည်း ထောက်ပြကြပါ။ Metanarrative ဆိုတာလည်း ဇာတ်ကြောင်းပြန် အရေးအသားများ အကြောင်း ဇာတ်ကြောင်းပြန်ဆို ရေးသားတဲ့စာကို ခေါ် တာပါပဲ။ Narrative တစ်ခု အကြောင်း ရေးထားတဲ့ Narrative တစ်ခုကို ခေါ်တာပါပဲ။ အထက်ကစကားနဲ့ ဆက်ရင် A Narrative About A Narrative လို့ ပြောရ ပါမယ်။ အခု တင်ပြခဲ့တာတွေဟာ ဘာသာဗေဒ၊ ရေး ဟန်ပညာ၊ စာပေဝေဖန်ရေး ပညာရပ်တွေမှာရှိတဲ့ Metanarrative ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါပဲ။

ပို့စ်မော်ဒန် Metanarrative အကြောင်း ဆက် ပြောပါမယ်။

❐

mgyoe.com

mgyoe.com

## ဆ ည် း ဆ ာ ဖြူ [ ၄ ]

လိုင်ယိုတာရဲ့ ဖွင့်ဆိုချက်မှာပါတဲ့ Metanarrative ကို ခမ်းနားကြီးကျယ်သော အရေးအသားများလို့ ကျွန်တော် ပြန်ဆိုခဲ့ပါတယ်။ (နေရာမကျသေးပါဘူးလို့လည်း ဝန်ခံထားပါတယ်။) ပြင်သစ်မူမှာ Grandes Histories လို့ ရှိပါတယ်။ Metanarrative ကို ပြောတာပါ။ တခြားသဘောတူထားပြီး သုံးတဲ့ ဝေါဟာရတွေလည်း ရှိပါသေးတယ်။ အဲဒီက Grand ကို နှစ်သက်လို့ယူပြီး 'ခမ်းနားကြီးကျယ်သော' လို့ ပြန်လိုက်ပါတယ်။ ဒါပေမဲ့ တကယ့်အဓိပ္ပာယ်ဟာ အင်္ဂလိပ်မှာ Narrative မဟုတ်သလို မြန်မာမှာလည်း အရေးအသား မဟုတ်ပါဘူး။ ဝတ္ထု၊ ကဗျာ၊ စကားပြေ၊ ဆောင်းပါး စတဲ့ဘာသာစကား အသုံးပြုပြီး ရေးသားဖော်ပြတဲ့ စာအရေးအသား လုံးဝ မဟုတ်ပါဘူး။ ဒါဖြင့်ရင် ဘာလဲ။

---

ဖတ်စရာ ဂျာနယ်၊ အမှတ် ၂၁၊ ဇွန်လ ၇၊ ၂၀၀၅။

mgyoe.com

mgyoe.com



အရေးအသား Narrative ဆိုတာ ဆင်ခြင်တုံတရား ရှေ့ထားပြီး စနစ်တကျ တွေးခေါ်မြော်မြင် စုစည်းထားတဲ့ အသိပညာ အစုအဝေး Systematic Bodies of Knowledge လို့ အနှစ်ချုပ်ခေါ်နိုင်တယ်။ နောက်တစ်နည်းအားဖြင့်လည်း တစ်လောကလုံးနဲ့ဆိုင်တဲ့ အဓိပ္ပာယ်စနစ် A Universal System of Meanings လို့လည်း ခေါ်နိုင်ပါတယ်။ ဆိုလိုတာက လောကတစ်ခုလုံးနဲ့ပတ်သက်ပြီး တွေးခေါ်မြော်မြင် စုစည်းထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေပါပဲ။ အဲဒီ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ဖြစ်ထွန်းလာပုံ၊ သတ်မှတ်ပုံ ပြောင်းလဲကြပုံ၊ အကျိုးသက်ရောက်ကြပုံ စတာတွေကို ဆိုလိုတယ်။ ပမာအားဖြင့် အမှန်တရား ယုံကြည်ချက်၊ ကိုးကွယ်မှု၊ တရားမျှတမှု၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံပညာ စတာတွေရဲ့ အဓိပ္ပာယ်စနစ်တွေလို့လည်း နားလည်အပ်ပါတယ်။

နောက်တစ်ဆင့်ကတော့ လူသားအားလုံးရဲ့ အကျိုးစီးပွား၊ လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွား၊ လောကတစ်ခုလုံးရဲ့ အကျိုးစီးပွားကို ရည်ရွယ်မျှော်မှန်းပြီး လူတွေ တွေးတောကြံစည် ဖော်ထုတ်ခဲ့ကြတဲ့ ဒဿနတွေ အားလုံး လွှမ်းခြုံပါဝင်နေပါတယ်။ အထက်မှာ ပညာအစုအဝေးလို့ ဆိုခဲ့ပါတယ်။ အဲဒါတွေအားလုံးဟာ တစ်ခုတည်းသောလမ်းကို ညွှန်ပြနေတယ်။ အဲဒီလမ်း

mgyoe.com

mgyoe.com


ဆိုတာ လွတ်မြောက်ရာလမ်းဖြစ်တယ်။ ဘာက လွတ်မြောက်ရာလမ်းလဲ။ လူသားအားလုံး မျက်မှောက်ဘဝမှာ ကြုံတွေ့နေရတဲ့ ဒုက္ခအပေါင်းမှ လွတ်မြောက်ရာလမ်း၊ လူသားအားလုံးရဲ့ ကိုယ်စိတ်နှစ်ပါး ချမ်းသာရာချမ်းသာကြောင်းလမ်းလို့ မှတ်ယူရပါမယ်။ ဒါ့အပြင် လူသားတွေ နှစ်ပေါင်းများစွာက ကြောက်ရွံ့ထိတ်လန့်စွာ မျှော်မှန်းခဲ့ကြတဲ့ တမလွန်ဘဝရဲ့ ချမ်းသာရာချမ်းသာကြောင်းအထိ ယူနိုင်ပါတယ်။ စကားစဉ်ကို ပြန်ချုပ်ရရင် Metanarrative ဆိုတာ .... လူ့အကျိုးစီးပွား၊ လူ့လောကအကျိုးစီးပွားကို ရည်ရွယ်ပြီး ဆင်ခြင်တုံတရား ရှေ့ထားကာ တွေးခေါ်မြော်မြင်၊ စုစည်းထားတဲ့ နှစ်ကာလရှည်ကြာစွာက ဖြစ်ထွန်းတည်ရှိလာတဲ့ လူသားတို့ရဲ့အသိပညာ အစုအဝေး ထုထည်ကြီးကို ခေါ်တယ်။ (လိုင်ယိုတာက Narrative ဆိုတာဟာ Knowledge အသိပညာတစ်မျိုး ဖြစ်ကြောင်း၊ လွယ်ကူအောင် အဲသလို ခေါ်ဝေါ်သုံးနှုန်းသွားမည်ဖြစ်ကြောင်း အသေအချာ ဖော်ပြခဲ့ပါတယ်။ The Postmodern Condition စာမျက်နှာ - ၇)

ဆက်ပြီးတော့ လိုင်ယိုတာက Metanarrative ကို ဥပမာပုံစံပေးရာမှာ မာ့က္ခဝါဒ Marxism ကို ဥပမာပေးထားပါတယ်။ မာ့က္ခဝါဒဟာ လူသားအားလုံး (ပစ္စည်းမဲ့လူတန်းစား၊ အဖိနှိပ်ခံလူတန်းစား အားလုံး)

mgyoe.com

mgyoe.com



ဒုက္ခအပေါင်းက လွတ်မြောက်ရာလမ်းကို ညွှန်ပြထားတဲ့ အတွေးအခေါ်ထုထည်ကြီး ဖြစ်တယ်။ စနစ်တကျ တွေးခေါ်ထားတာလည်းဖြစ်တယ်။ စနစ်တကျ လုပ်ငန်းစဉ် ချပြထားတယ်။ အဆုံးစွန်သော ရည်မှန်းချက်ဟာ အလွန်သာယာဝပြောတဲ့၊ အလွန် တရားမျှတတဲ့၊ အလွန်ချမ်းသာ ပျော်ရွှင်ဖွယ်ဖြစ်တဲ့ ကွန်မြူနစ် လူ့ဘောင်သစ်ဖြစ်တယ်။ မာ့က္ခဝါဒဟာ လိုင်ယိုတာရဲ့ အလိုအရ 'ခမ်းနားကြီးကျယ်သော အရေးအသား' Metanarrative ဖြစ်တယ်။

အဲဒီတော့ အရပ်သားစကားနဲ့ လွယ်အောင်ပြောရရင် (ထပ်ပြောရရင်) ခမ်းနားကြီးကျယ်သော အရေးအသားများ၊ **Metanarrative** ဆိုတာ လူ့လောက ကောင်းကျိုးအတွက် လူတွေ ဒုက္ခအပေါင်းက လွတ်မြောက်စေဖို့၊ လူတွေကိုယ်တိုင် တွေးခေါ်မြော်မြင်ထားတဲ့အတွက် အတွေးအခေါ်၊ အယူအဆ၊ အစုအဝေးထုထည်ကြီးကို ခေါ်ပါတယ်။

ဒီမှာ ပြောဖို့ရှိလာတာက ခမ်းနားကြီးကျယ်သော အရေးအသားများနဲ့ ဆက်စပ်ပြီး စဉ်းစားရမယ့်၊ ပြောဆိုရမယ့် ကိစ္စတစ်ရပ် ရှိလာပါတယ်။ အဲဒါကတော့ Enlightenment လို့ခေါ်တဲ့ 'ဉာဏ်ပညာအလင်းပွင့်ခြင်း' ဆိုတဲ့ ကိစ္စကြီးပါပဲ။

❐

mgyoe.com

mgyoe.com

## သ ည် း သ ၁ ဖြူ [ ၅ ]

The Enlightenment ဆိုတာ အရေးပါတဲ့ ဝေါဟာရ တစ်ခုပါပဲ။ ဉာဏ်အလင်းပွင့်ခြင်း လို့ ကျွန်တော် ပြန်ဆိုခဲ့ဖူးပါတယ်။ မူလအဓိပ္ပာယ်ရိုးကတော့ အလင်း ရောင် ရသွားတာ၊ လင်းသွားတာပါပဲ။ အင်္ဂလိပ် ဝေါဟာရအနေနဲ့ကတော့ ဘာသာရေးစာပေတွေမှာ အထူးသဖြင့် အရှေ့တိုင်းဘာသာရေးစာပေတွေမှာ Enlighten ဆိုတာ မဂ်ပေါက်၊ ဖိုလ်ပေါက် တရားထူး ရသွားတာလို့ သုံးနှုန်းပါတယ်။ မြတ်ဗုဒ္ဓကို သဗ္ဗညုတ ရွှေဉာဏ်ရှင်၊ အားလုံးကိုသိသူ၊ ဉာဏ်ပညာ အလင်းရ သူဆိုတဲ့အဓိပ္ပာယ်နဲ့ The Enlightened One လို့လည်း သုံးတာတွေ့ဖူးပါတယ်။ စကားအလျဉ်းသင့်လို့ ပြော တာပဲဖြစ်ပါတယ်။ ပို့စ်မော်ဒန် အသုံးအစွဲ၊ အခေါ် အဝေါ်နဲ့ လုံးဝမဆိုင်ပါ။

---

ဖတ်စရာ ဂျာနယ်၊ အမှတ် ၂၂၊ ဇွန် ၁၄၊ ၂၀၀၅။

mgyoe.com

mgyoe.com





ဗော်တဲယား ရူဆိုး

| ဒဿနကမ္ဘာမှာ ကျော်ကြားခဲ့သော အတွေးအခေါ်ပညာရှင်များ |

ပို့စ်မော်ဒန်စာပေတွေမှာ အမြဲကိုးကားဖော်ပြတဲ့ The Enlightenment ဆိုတာ ဒီလိုပါ။ (၁၈) တစ်ဆယ့်ရှစ်ရာစုနှစ်လောက်တုန်းက ဥရောပတိုက်မှာ စတင်ပေါ်ထွန်းခဲ့တဲ့ အတွေးအခေါ် ဒဿန လှုပ်ရှားမှုကို အစွဲပြုပြီး ခေါ်တာပါပဲ။ အတွေးအခေါ် လှုပ်ရှားမှု Philosophical Movement လို့ ခေါ်ဝေါ် သုံးနှုန်းပါတယ်။ ဒဿနကမ္ဘာမှာ ဟိုးဟိုးကျော်ခဲ့တဲ့ Diderot, Voltaire, Rousseau တို့ကစပြီး Kant ကနေ Hegel အထိ ရောက်တယ်လို့ ဆိုပါတယ်။

အဲဒီလို တွေးခေါ်ရှင်တွေက လူ့လောကရဲ့ ကောင်းကျိုးချမ်းသာအတွက်၊ အစီးအပွားအတွက်၊

mgyoe.com

mgyoe.com


ဆောင်ရွက်ရာမှာ ကြောင်းကျိုးဆင်ခြင်မှုတွေ၊ အတွေ့အကြုံတွေကို အခြေခံသင့်တယ်။ အစဉ်အလာ တရားသေ အစွဲအလမ်းတွေကို ယထာဘူတကျကျ စဉ်းစားပြီး စွန့်ပစ်ရမယ်။ လူ့လောကဟာ အကောင်းဘက်၊ ပြည့်စုံခြင်းဘက်ကို ရှေးရှုနေတယ်။ သာယာဝပြောတဲ့ လူ့ဘောင်လောကကို ထူထောင်ဖို့ ကြိုးပမ်းကြရာမှာ အဲဒီလိုပညာရှင်များက ဒဿနတွေကို ကြံစည်ဖော်ထုတ်ကြတယ်။

သိပ္ပံပညာရှင်များကလည်း လူ့လောက ကောင်းကျိုးအတွက် စူးစမ်းတီထွင်လာကြတယ်။ နိုင်ငံရေးသမားခေါင်းဆောင်တွေကလည်း နိုင်ငံရေးအယူအဆများ၊ နိုင်ငံရေးလမ်းစဉ်များကို ဖော်ထုတ်တင်ပြလာကြတယ်။ ယုံကြည်သက်ဝင်မှု ခေါင်းဆောင်များကလည်း မိမိတို့ဝါဒ၊ ဓမ္မများကို ဖော်ထုတ်သင်ကြားကြတယ်။ အဲဒီအကြောင်းခြင်းရာ လှုပ်ရှားဆောင်ရွက်မှုတွေ အကုန်ခြုံပြီး The Enlightenment လို့လည်းခေါ်တယ်။ Enlightenment Project ဉာဏ်အလင်းပွင့်မှု စီမံကိန်းကြီး လို့လည်းခေါ်တယ်။

ဉာဏ်ပညာအလင်းပွင့်ခြင်း ကို ဉာဏ်နဲ့ ပညာတွဲပြီးတော့လည်း ပြန်ဆိုချင်ပါတယ်။ သဘောအချုပ်ကတော့ လူ့လောကရဲ့ ကောင်းကျိုးချမ်းသာ၊ လူ့လောကရဲ့ တိုးတက်ဖွံ့ဖြိုးမှု၊ လူ့လောကရဲ့ ပြည့်စုံ

mgyoe.com

mgyoe.com



ကြွယ်ဝမှု အစုစုတို့အတွက် တွေးခေါ်ကြံစည် ထုတ်ဖော်ထားတဲ့ တစ်နည်းပြောရင် လူသားတို့ရဲ့ဉာဏ်ပညာ အသီးအပွင့်များဖြစ်တဲ့ အသိပညာထုထည် အစုအဝေးကြီး၊ စီမံကိန်းကြီး ဆောင်ရွက်မှုကြီးကို Enligh-enment လို့ ခေါ်တာပါပဲ။ အဲဒီ ဉာဏ်ပညာ အလင်းပွင့်ခြင်း လှုပ်ရှားဆောင်ရွက်မှု စီမံကိန်းကြီးရဲ့ ရလဒ် တွေဟာ အရင်ဆောင်းပါးမှာဖော်ပြခဲ့တဲ့ Meta-narrative တွေပါပဲ။ အဲဒီလို ဆက်စပ်ယူရပါမယ်။ Metanarratives = The Product of The Enlighten-ment လို့ ပြောနိုင်ပါလိမ့်မယ်။

အထက်က စကားစဉ်နဲ့ ခြုံပြီးပြန်ချုပ်ရရင် ဉာဏ်ပညာအလင်းပွင့်မှု စီမံကိန်းကြီး ဆောင်ရွက်လှုပ်ရှားမှု



အီမ်မန်နျူဝယ်ကန့် ဟေဂယ်လ်

[ အသယနကမ္ဘာမှာ ကျော်ကြားခဲ့သော အတွေးအခေါ်ပညာရှင်များ ]

mgyoe.com

mgyoe.com


ကြီးရဲ့ အသီးအပွင့် ရလဒ်တွေဖြစ်တဲ့ ခမ်းနား ကြီးကျယ်သော အရေးအသားများကို မယုံကြည်တော့ခြင်း... ဟာ ပို့စ်မော်ဒန်ပါပဲ။ (ဝါ) ပို့စ်မော်ဒန် သဘောထားပါပဲလို့ လိုင်ယိုတာ Lyotard (1924-98) က ဆိုမိန့်ခဲ့ပါတယ်။

❒

mgyoe.com

mgyoe.com

## ဆည်းဆာဖြူ [ ၆ ]

ဉာဏ်ပညာ အလင်းပွင့်ခြင်း လှုပ်ရှားဆောင်ရွက်မှု စီမံကိန်းကြီးရဲ့ ရလဒ်တွေကို ပြောနိုင်တဲ့ Metanarrative တွေ (ဝါ) ခမ်းနားကြီးကျယ်သော အရေးအသား တွေဟာ မယုံကြည်ရတော့ဘူး။ တစ်နည်းပြောရရင် လောကလူ့ရှာ ကောင်းကျိုးကို ဘာမှ ဆောင်ရွက်မပေး နိုင်တော့ဘူး။ ဆောင်ရွက်ပေးဖို့ ကြိုးပမ်းခဲ့တာတွေ လည်း မအောင်မြင်တော့ဘူးလို့ ယူဆရပါတော့မယ်။ ဒီနေရာမှာတော့ လိုင်ယိုတာ Lyotard (1924-98) က နမူနာအဖြစ် မာ့က္ခစ်ဝါဒ Marxism ကို ပြခဲ့ပါတယ်။ အဲသလို မယုံကြည်တော့ခြင်းသည်ပင်လျှင် ပို့စ်မော်ဒန် ဆိုတာပါပဲလို့ လိုင်ယိုတာက ဖွင့်ဆိုခဲ့ပါတယ်။

* * *

---

ဖတ်စရာ ဂျာနယ်၊ အမှတ် ၂၄၊ ဇွန်လ၊ ၂၀၀၅။

mgyoe.com

mgyoe.com


အခု ဒီနေရာမှာ မော်ဒန် အကြောင်း (ဝါ) မော်ဒန်ဝါဒ ကို ပြန်ပြောဖို့လိုအပ်လာပါတယ်။ ပို့စ်မော်ဒန်နဲ့ ဆက်မိစေဖို့ ဖြစ်ပါတယ်။ ဆရာစဉ်၊ သမားစဉ် ဆိုမိန့်ခဲ့ကြတာတွေထဲက တစ်ခုက မော်ဒန်မတိုင်မီခေတ်၊ မော်ဒန်ခေတ်၊ ပို့စ်မော်ဒန် **Premodern, Modern, Postmodern** လို့ ခေတ်ခွဲပုံပါပဲ။ အဆက်အစပ် မိစေဖို့ ဆိုတဲ့အချက်ကိုတော့ နားလည်ထားအပ်ပါတယ်။ ကောင်းပါပြီ။ မော်ဒန်ဆိုတာ ဘာလဲ။ မော်ဒန်ဝါဒဆိုတာ ဘာလဲ။

* * *

"မော်ဒန်ဝါဒဆိုတာ နှစ်ဆယ်ရာစုနှစ်ရဲ့ ပထမတစ်ဝက်လောက်မှာ ပေါ်ပေါက်ခဲ့တဲ့ အနုပညာဟန်သစ်များ၊ လမ်းကြောင်းသစ်များရဲ့ ပေါက်ကွဲမှုကြီးကို လွှမ်းခြုံခေါ်လိုက်တာပါပဲ။" တချို့ကျောင်းသုံး စာပေဝေါဟာရအဘိဓာန်ကလေးတွေမှာ 'နှစ်ဆယ်ရာစု ရှေ့ဦးပိုင်း' လို့ ဖော်ပြကြတယ်။ တချို့စာအုပ်တွေမှာ 'ဆယ့်ကိုးရာစုနှောင်းပိုင်းနဲ့ နှစ်ဆယ်ရာစုရှေ့ပိုင်း' လို့ ဖော်ပြကြတယ်။

ရှင်ဘုရင်တစ်ပါး နန်းတက်တာ၊ နတ်ရွာစံတာမျိုးလို တိတိကျကျ သမိုင်းရက်စွဲကို ဖော်ပြလို့ မရတတ်ဘူးဆိုတာတော့ သဘောပေါက်ထားသင့်ပါ

mgyoe.com

mgyoe.com



တယ်။ အဲဒီတော့ နှစ်ဆယ်ရာစု အစောပိုင်းနှစ်များလို့ပဲ သတ်မှတ်ကြပါစို့။ အဲဒီအချိန်လောက်မှာ ပေါ်ပေါက်တဲ့ အနုပညာလှုပ်ရှားမှုတွေကို ခြုံခေါ်လိုက်တာပါပဲ။

ပေါက်ကွဲမှုကြီး Explosion လို့သုံးတာက အလွန်ပြင်းထန်တဲ့သဘောပါ။ တချို့စာတွေမှာ Earthquake ငလျင်ကြီးနဲ့ တင်စားပြောဆိုကြပါတယ်။ အဲဒီ အနုပညာလှုပ်ရှားမှုကြောင့် အနုပညာ အတွေးအခေါ်၊ အယူအဆအသစ်တွေ ပေါ်ထွန်းလာတယ်။ အနုပညာ ဖန်တီးမှုအသစ်တွေ ပေါ်ထွန်းလာရတယ်။ အဲဒါတွေကို ခြုံပြီး 'ယဉ်ကျေးမှုဖွဲ့စည်းခြင်းများ' Cultural Formations လို့လည်း ခေါ်ကြပါတယ်။

အနုပညာဟန်သစ်တွေ၊ လမ်းကြောင်းသစ်တွေ ပေါက်ကွဲဖြစ်ပေါ်တယ်လို့ ဆိုခဲ့ပါတယ်။ အဲဒီ လှုပ်ရှားမှုတွေကို နာမည်လောက်ဖော်ပြပြီး စာရင်းတို့ကြည့်ရင်

| | |
|---|---|
| **Impressionism** | **Post-Impressionism** |
| Symbolism | Cubicism, |
| Vorticism, | Imagism,, |
| Acmeism, | Neo-Plasticism, |
| Destijl, | Orphism, |
| Fauvism, | Futurism, |
| Constructivism | Purism, |
| Dadaism, | Expressionism, |
| Superealism, | Neue Sachlichkeit (New Objectivity) |

mgyoe.com

mgyoe.com


ဒါ နာမည်လောက် စာရင်းတို့ကြည့်တာပါ။ ဘယ်လောက်များသလဲ။ ရှုပ်ထွေးသလဲဆိုတာ သိသာပါတယ်။



ကပ်ဖကာ [ Kafka ]



ကွန်ရတ် [ Conrad ]



ဂျွိုက်စ် [ Joyce ]



ဝုဖ် [ Woolf ]

[ မော်ဒန်အနုပညာလောကတွင် ထင်ရှားခဲ့သော ဝတ္ထုရေးဆရာများ ]

mgyoe.com

mgyoe.com



စာပေမှာလည်း ရိုမန်တစ်ဝါဒ Romanticism၊ သရုပ်မှန်ဝါဒ Realism, သဘာဝဝါဒ Naturalism တို့ကို ဆန့်ကျင်ဖောက်ထွက်ခဲ့ကြတယ်။

ကပ်ဖကာ Kafka (1883-1924)၊ ကွန်းရတ် Conrad (1897-1962)၊ ပရု Proust (1871-1922)၊ ဖော့ကနာ Faulkner (1897-1962)၊ ဂျိုက်စ် joyce (1882-1941)၊ ဝုဖ် Woolf (1882-1941) တို့ဟာ ဝတ္ထုအနုပညာမှာ အလွန်ထင်ရှားခဲ့ကြပါတယ်။

ကဗျာမှာ အထူးသဖြင့်တော့ အက်ဇရာပေါင်း Pound (1885-1972)နဲ့ တီအက်စ်အဲလရော့ Eliot (1888-1965) တို့ ကျော်ကြားပါတယ်။

ပြဇာတ်အနုပညာမှာတော့ ဘာတောဘရက် Brecht (၁၈၉၈–၁၉၅၆) ဟာ ရှေ့ဆောင်လမ်းပြပါပဲ။



အက်ဇရာပေါင်း [Pound] တီအက်စ်အဲလရော့ [Eliot]

[ ခေတ်ဒန်အနုပညာလောကတွင် ထင်ရှားခဲ့သော စာရေးဆရာများ ]

mgyoe.com

mgyoe.com


သည်လို နာမည်စာရင်းကိုပြနေတာက သိသာရုံပါ။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ ရှေ့ဆောင်လမ်းပြတွေဖြစ်တယ်ဆိုတာ အလေးထား ဖော်ပြချင်တာပါပဲ။

* * *

စကားစဉ်ကို ချုပ်ရရင် မော်ဒန်ဝါဒရဲ့ အနုပညာဟန်သစ်၊ လမ်းကြောင်းသစ် အသွယ်သွယ် ပေါ်ထွန်းခဲ့တယ်။ အဓိကအကြောင်းတွေကတော့ အစဉ်အလာအမွေဆက်ခံခဲ့တဲ့ ရသပုံသဏ္ဍာန်တွေဟာ၊ အနုပညာတွေကို မကြိုက်တော့လို့ ဖောက်ထွက်လိုတဲ့ဆန္ဒ (ဝါ) ဖောက်ထွက်ခြင်းတွေ၊ လက်ရှိတည်ရှိနေတဲ့ ဘူဇွာလူ့အဖွဲ့အစည်းရဲ့တန်ဖိုးတွေကို မကြိုက်တော့တဲ့အကြောင်းတွေပါပဲ။ အခြေခံအကျဆုံးကတော့ အမြဲတမ်း အသစ်ကို ရှေးရှုတဲ့ အနုပညာသမားရဲ့ အသစ်ဖန်တီးလိုတဲ့ဆန္ဒပဲဖြစ်နိုင်ပါတယ်။

နောက်တစ်ချက်ရှိပါသေးတယ်။ အဲဒါကလည်း အရေးကြီးပါတယ်။ ဘာလဲဆိုတော့ တည်ရှိဆဲ တန်ဖိုးတွေကို မနှစ်သက်တော့ခြင်းပါပဲ။ အသစ်ကို လိုလားတာနဲ့ ဆက်စပ်နေပါတယ်။ အဲဒီလို အခြေခံတွေနဲ့ လှုပ်ရှားကြရာမှာ တော်တော်ပြင်းပြင်းထန်ထန်၊ လွန်လွန်ကျူးကျူးတွေ ဖြစ်လာပါတယ်။ ကဗျာဆရာကြီး ပေါလ်ဗာလိန်း Verlaine (1844-1896) ရဲ့ စကားနဲ့ပဲ

mgyoe.com

mgyoe.com



နိဂုံးချုပ်ခဲ့ပါမယ်။

ဗာလိန်းက ဆယ့်ကိုးရာစုနှစ်များရဲ့ အားကုန်မောပန်းနေတဲ့ အနုပညာ (ပန်းချီ၊ ဂီတ၊ စာပေ) တွေကို 'လည်ပင်းလိမ်ချိုး' ပစ်ရမယ် (Twist the Neck) လို့ ကြွေးကြော်ခဲ့ပါတယ်။

❐

mgyoe.com

mgyoe.com

## ဆ ည် း ဆ ာ ဖြူ [ ၇ ]

'မော်ဒန်ဝါဒ' ရဲ့ အခြေခံသဘော သံခိပ်ကို ရေးခဲ့ပါတယ်။ အခု ဆက်ပြီး မော်ဒန်ဝါဒလို့ခေါ်တဲ့ အယူအဆတွေ၊ အတွေးအခေါ်တွေ၊ ထွန်းကားတည်ရှိနေတဲ့ မော်ဒန်ခေတ်ကို အထိမိဆုံး ဖော်ပြတဲ့ စကားတစ်ခွန်းကို တင်ပြပါ့မယ်။ ဆရာစဉ်၊ သမားစဉ် အလေးထား၊ ကိုးကားခဲ့တဲ့ စကားပါပဲ။ အိုင်ယာလန်ပြည်သား ကဗျာဆရာ၊ ပြဇာတ်ဆရာ၊ အက်ဆေးဆရာကြီး ဝီလီယံ ဘတ်တလာယိတ်စ် William Butler Yeats (1865-1939) ရဲ့ ကဗျာနှစ်ကြောင်းဟာ မော်ဒန်တို့ရဲ့ ဂန္ထဝင်မြှောက် စာကိုးပါပဲ။

***Things Fallapart,***
***The Centre Cannot Hold,***
***Mere Anarchy Is Loosed Upon the World***

---

ဖတ်စရာ ဂျာနယ်၊ အမှတ် ၂၅၊ ဇူလိုင်၊ ၂၀၀၅။

mgyoe.com

mgyoe.com



အရာအားလုံး တစ်စစီပြိုကျလျက်
ဗဟိုချက်က ထိန်းမထားနိုင်။
လောကလူ့ရွာမှာ မင်းမဲ့ဝါဒသာ လွှတ်နေတော့
တယ်။ (လွှမ်းမိုးနေတော့တယ်။)

ကဗျာဆရာကြီး ယိတ်စ် က
(၁) အားလုံးပြိုကျ၊
(၂) ဗဟိုချက်က ထိန်းမရ၊
(၃) မင်းမဲ့ဝါဒသာ လွှမ်းမိုးနေတယ်လို့ ပြော ခဲ့တယ်။ အလွန်အခေါ်အပြောများတဲ့ ကဗျာနှစ်ကြောင်းပါပဲ။ ဒီမှာ အပိုင်းသုံးပိုင်းကို စိစစ်ရင် ..
(၁) ဘာတွေ တစ်စစီ ပြိုကျကုန်တာလဲ၊
(၂) ဗဟိုချက်ဆိုတာ ဘာလဲ၊
(၃) မင်းမဲ့ဝါဒဆိုတာ ဘာလဲ ကို စိစစ်ကြရပေလိမ့်မယ်။

ဆရာ့ဆရာတို့ရဲ့ သမားစဉ် အဆိုအမိန့်တွေကို ကိုးကားပြီး ကျွန်တော့်သဘောကို ပြောသွားပါ့မယ်။ ဆရာတို့ အဆိုအမိန့်တွေကတော့ အငြင်းပွားဖွယ် ရှိမယ် မထင်ပါဘူး။ ကျွန်တော့်သဘောနဲ့ ကျွန်တော့်စကားတွေကတော့ သဘောမတူသူတွေ ရှိနိုင်ပါလိမ့်မယ်။ ဝေဖန်ကြပါ။

* * *

mgyoe.com